အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

အမြှက်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော် တဝန်းလုံးတွင် ၁၉၇၆-၇၇ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ အမြတ်ခွန် ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည်—

(က) တစ်ဦး တစ်ယောက်သော သူသည်မိမိ၏ ဝင်ငွေထိမ်ချန်ကြောင်း သို့မဟုတ် ယင်းဝင်ငွေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း၊ စည်းကြပ်မှုအဖွဲ့ သို့မဟုတ် အယူခံအဖွဲ့ကတွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်း ယင်းတို့ကိုအပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်၊

(ခ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းကပေးဆောင်ရမည့် အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

၄။ အမြတ်ခွန် ဥပဒေ၏ နောက်ဆက်တွဲဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည်—

အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား

အမြတ်ခွန်နှုန်းများ

၁။ ပုဒ်မ ၄ ပုဒ်မခွဲ (က)အရ အခွန်စည်းကြပ်ထိုက်သော အနည်းဆုံး ဝင်ငွေသည် ကျပ် ၈၀၀၁ ဖြစ်သည်။ ဝင်ငွေ အတန်းအစားအလိုက် ကျသင့်သော အခွန်များမှာ အောက်ပါအတိုင်းဖြစ်သည်။ သို့ရာတွင် ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းနှင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းမှ ဝင်ငွေ ရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သောအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို နုတ်ပယ်ပြီး ကျန်ငွေကိုသာ ပေးဆောင်ရမည်။ ဆေးပေါ့လိပ် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းမှ ဝင်ငွေရရှိခြင်းဖြစ်လျှင် အောက်ပါအတိုင်း ကျသင့်သော အခွန်နှင့် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေနှစ်ရပ်ပေါင်းကို ပေးဆောင်ရမည်—

ဝင်ငွေအတန်းအစား		ကျသင့်သောအခွန်
မှ	ထိ	
ကျပ်	ကျပ်	ကျပ်
၈၀၀၁	၁၀၀၀၀	၂၄၀
၁၀၀၀၁	၁၂၀၀၀	၃၆၀
၁၂၀၀၁	၁၄၀၀၀	၅၄၀
၁၄၀၀၁	၁၆၀၀၀	၇၅၆
၁၆၀၀၁	၁၈၀၀၀	၁၀၄၄
၁၈၀၀၁	၂၀၀၀၀	၁၃၅၆
၂၀၀၀၁	၂၂၀၀၀	၁၆၈၀
၂၂၀၀၁	၂၄၀၀၀	၂၁၀၀

ဝင်ငွေအတန်းအစား		ကျသင့်သောအခွန်
မှ	ထိ	
ကျပ်	ကျပ်	ကျပ်
၂၄၀၀၁	၂၆၀၀၀	၂၅၈၀
၂၆၀၀၁	၂၈၀၀၀	၃၀၆၀
၂၈၀၀၁	၃၀၀၀၀	၃၆၂၄
၃၀၀၀၁	၃၂၀၀၀	၄၀၀၈
၃၂၀၀၁	၃၄၀၀၀	၅၁၃၆
၃၄၀၀၁	၃၆၀၀၀	၅၉၄၀
၃၆၀၀၁	၃၈၀၀၀	၆၇၄၄
၃၈၀၀၁	၄၀၀၀၀	၇၅၉၆
၄၀၀၀၁	၄၂၀၀၀	၈၆၀၄
၄၂၀၀၁	၄၄၀၀၀	၉၆၉၆
၄၄၀၀၁	၄၆၀၀၀	၁၀၈၉၆
၄၆၀၀၁	၄၈၀၀၀	၁၂၀၉၆
၄၈၀၀၁	၅၀၀၀၀	၁၃၂၉၆
၅၀၀၀၁	၅၅၀၀၀	၁၅၃၉၆
၅၅၀၀၁	၆၀၀၀၀	၁၇၇၂၇
၆၀၀၀၁	၆၅၀၀၀	၂၀၂၀၆
၆၅၀၀၁	၇၀၀၀၀	၂၂၈၃၅
၇၀၀၀၁	၇၅၀၀၀	၂၅၆၁၄
၇၅၀၀၁	၈၀၀၀၀	၂၈၅၄၃
၈၀၀၀၁	၈၅၀၀၀	၃၁၆၂၂
၈၅၀၀၁	၉၀၀၀၀	၃၄၈၅၁
၉၀၀၀၁	၉၅၀၀၀	၃၈၂၃၀
၉၅၀၀၁	၁၀၀၀၀၀	၄၁၇၅၉
၁၀၀၀၀၁	၁၁၀၀၀၀	၄၅၄၄၄
၁၁၀၀၀၁	၁၂၀၀၀၀	၅၀၂၈၉

ဝင်ငွေအတန်းအစား		ကျသင့်သော အခွန်
မှ	ထိ	
ကျပ်	ကျပ်	ကျပ်
၁၂၀၀၀၁	၁၃၀၀၀၀	၅၅၂၂၅
၁၃၀၀၀၁	၁၄၀၀၀၀	၆၀၂၅၀
၁၄၀၀၀၁	၁၅၀၀၀၀	၆၅၃၆၆
၁၅၀၀၀၁	၁၆၀၀၀၀	၇၀၅၇၁
၁၆၀၀၀၁	၁၇၀၀၀၀	၇၅၈၆၇
၁၇၀၀၀၁	၁၈၀၀၀၀	၈၁၂၅၂
၁၈၀၀၀၁	၁၉၀၀၀၀	၈၆၇၂၈
၁၉၀၀၀၁	၂၀၀၀၀၀	၉၂၂၉၃
၂၀၀၀၀၁	၂၁၀၀၀၀	၉၇၅၁၈
၂၁၀၀၀၁	၂၂၀၀၀၀	၁၀၂၇၉၁
၂၂၀၀၀၁	၂၃၀၀၀၀	၁၀၈၁၁၂
၂၃၀၀၀၁	၂၄၀၀၀၀	၁၁၃၄၈၁
၂၄၀၀၀၁	၂၅၀၀၄၀	၁၁၈၈၉၈
၂၅၀၀၀၁	၂၆၀၀၀၀	၁၂၄၃၆၃
၂၆၀၀၀၁	၂၇၀၀၀၀	၁၂၉၈၇၆
၂၇၀၀၀၁	၂၈၀၀၀၀	၁၃၅၄၃၇
၂၈၀၀၀၁	၂၉၀၀၀၀	၁၄၁၀၄၆
၂၉၀၀၀၁	၃၀၀၀၀၀	၁၄၆၇၀၃

ဝင်ငွေကျပ် ၃၀၀၀၀၀ အထက်ရှိလျှင် ကျသင့်သော အခွန်သည် ကျပ် ၁၄၆၇၀၃ နှင့် ကျပ် ၃၀၀၀၀၀ ထက်ပိုမိုသည့် ဝင်ငွေအပေါ် ငါးဆယ် ရာခိုင်နှုန်းနှင့် ညီမျှသော ငွေနှစ်ရပ်ပေါင်း ဖြစ်သည်။

၂။ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့်စပ်လျဉ်း၍ အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့်

တန်ဖိုးသည် ကျပ် ၅၀၀၀၀ ထက် ပိုမိုသည့် အခါမှအခွန်ကျသင့် စေရမည်။ ကျသင့်သော အခွန်သည် အခြေပစ္စည်းမှ မြတ်စွန်းငွေ၏ တစ်ဆယ် ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

သို့ရာတွင် ကျသင့်သော အခွန်သည် အခြေပစ္စည်းကို ရောင်းချ၊ လဲလှယ် သို့မဟုတ် လွှဲပြောင်းသည့် တန်ဖိုးငွေမှ ကျပ် ၅၀၀၀၀ နုတ်ပယ်ပြီး ကျန်ရှိသော ငွေ၏ထက်ဝက်ထက် မပိုစေရ။

၃။ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှတင်သွင်းသည့် ပစ္စည်းအတွက် ကျသင့်သော အခွန်သည် ယင်းပစ္စည်း ကုန်းပေါ်ရောက် တန်ဖိုး၏ တစ်ဆယ့်ငါး ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်သည်။

၄။ ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) အရ အခကြေးငွေ ယူသော ဖျော်ဖြေမှု အတွက် ကျသင့်သော အခွန်သည် အောက်ပါအတိုင်း ဖြစ်သည် —

(က) ရုပ်ရှင်၊ သို့မဟုတ် ဗွီဒီယို ပြသခြင်းဖြစ်ပါက ရငွေအားလုံး၏ လေးဆယ် ရာခိုင်နှုန်းနှင့် ညီမျှသောငွေ၊

(ခ) ရုပ်ရှင်၊ သို့မဟုတ် ဗွီဒီယို မှအပ ကျန်ဖျော်ဖြေမှု ဖြစ်ပါက ရငွေအားလုံး၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေ။

၅။ ပုဒ်မ ၄ ပုဒ်မခွဲ (င) အရ ဆား ထုတ်လုပ်ခြင်းအတွက် ကျသင့်သော အခွန်သည် ထုတ်လုပ်သည့် ဆား တစ်ပိဿာလျှင် ဆယ်ပြားနှုန်းဖြင့် တွက်ချက်ရရှိသော ငွေဖြစ်သည်။